

# ဆာကီမာရဲ့သီချင်း

Ursula Nafula
Peris Wachuka
Naw Thazin Hpway
3
မြန်မာဘာသာ my



ဆာကီမာဟာ သူ့ရဲ့ညီမလေးနဲ့အတူ မိဘတွေနဲ့ နေထိုင်ပါတယ်။ သူတို့ဟာ အရမ်းချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့ မြေမှာ နေထိုင်ပါတယ်။ သစ်ပင်တန်းတွေရဲ့အဆုံးမှာ မကြာ်နဲ့ လုပ်ထားတဲ့ သူတို့ရဲ့တဲကလေးရှိပါတယ်။



ဆာကီမာသုံးနှစ်အရွယ်မှာ သူဟာ အပြင်းဖျားပြီးအမြင်အာ
ရုံဆုံးရှုံးသွားပါတယ်။ ဆာကီမာဟာ ထူးချွန်တဲ့ ကောင်လေး
တစ်ယောက်ဖြစ်ပါတယ်။



ဆာကီမှာဟာ အခြေးသော ဖြနှစ်အရွယ် ကောင်လေးတွေမေ
လုပ်နိုင်တဲ့အရာတွေတော်တော်များများကို လုပ်ပါတယ်။ ဥပ
မာ - ရွာမှာရှိတဲ့လူကြီးတွေနဲ့ ထိုင်ပြီးအရေးကြီးတဲ့အကြော
င်းအရာတွေကို ဆွေးနွေးပါတယ်။



ဆာကီမာရဲ့မိဘတွေဟာ ချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ရဲ့အိမ်မှာအလုပ်လုပ်ပါတယ်။ သူတို့ဟာ မနက်စောစောအိမ်ကထွက်သွားပြီးညနေနောက်ကျမှ အိမ်ကိုပြန်ရောက်ပါတယ်။ ဆာကီမာဟာ သူ့ရဲ့ညီမလေးနဲ့ဘဲ ကျန်နေခဲ့ပါတယ်။



ဆာကီမာဟာ သီချင်းဆိုရတာ ကြိုက်ပါတယ်။ တစ်နေ့တော့ သူ့အမေက “ဆာကီမာ, သားဒီသီချင်းတွေကော ဘယ်ကနေ သင်ယူရရှိခဲ့သလဲ” လို့မေးပါတယ်။




ဆာကီမာက “အမေရေ ဒီအတိုင်းထွက်လာတာဘဲ၊ ကျွန်တော့်ရဲ့ခေါင်းထဲကနေသီချင်းသံတွေ ကဗြဲးပီးပြေ ကျွန်တော် ဆိုလိုက်တာဘဲ” လို့ ပန္ဂြဲဖြေလိုက်တယ်။



ဆာကီမာဟာ သူ့ညီမလေးဖိုက်ဆာနေတဲ့အချိန်တိုင်းလည်း သီချင်းဆိုပေးပါတယ်။ သူ့ညီမလေးဟာ သူ့အကြိုက်ဆုံးသီချင်းကို နားထောင်ပါတယ်။ သူ့ရဲ့ စိတ်သက်သာရာရာစေတဲ့ တေးသွားနဲ့ သူဟာလွင့်မျောသွားပါတယ်။



ဆာကီမာရဲ့ညီမလေးက “ဆာကီမာရေ့, နောက်တစ်ခေါက်ပြီး တစ်ခေါက် ဆိုပြပါလား” လို့တောင်းဆိုပါတယ်။ ဆာကီမာက လက်ခံပြီးထပ်ခါထပ်ခါ ဆိုပြပါတယ်။



တစ်ညနေတော့ သူ့ရဲ့မိဘတွေဟာ အိမ်ပြန်လာပြီးတိတ်ဆိတ်နေကြပါတယ်။ ဆာကီမာက တစ်ခုခုမှားယွင်းနေပြီဆိုတာ ဆာကီမာသိလိုက်ပါတယ်။



ဆာကီမာက “အမေ၊ အဖေ ဘာတွေမှားယွင်းနေတာလဲ” လို့ မေးလိုက်ပါတယ်။ ဆာကီမာက သူ့ငွေးကြီးရဲ့သား ပျော က်သွားကြောင်း သိလိုက်ရပါတယ်။ သူ့ငွေးကြီးဟာ အရမ်းဝ မ်းနည်းပြီးအထီးကျန်နေပါတယ်။




ဆာကီမာက သူ့မိဘတွေကို “ကျွန်တော် သူ့အတွက် သီချင်းဆိုပေးနိုင်ပါတယ်” လို့ပြောလိုက်ပါတယ်။ ဒါပေမယ့် သူ့မိဘတွေက ပယ်ချခဲ့ပါတယ်။ “သူဟာ အရမ်းကိုချမ်းသာတယ်။ သားကမျက်မမြင်တစ်ယောက်ဘဲ။ သားရဲ့သီချင်းတွေက သူ့ကိုကူညီနိုင်မယ်လို့ ထင်သလား။”



ဒါပေမယ့် ဆာကီမာက အရှုံးမပေးခဲ့ပါဘူး။ သူ့ရဲ့ညီမကလေးက သူ့ကိုထောက်ခံခဲ့ပါတယ်။ သူ့ညီမလေးက “ဆာကီမာရဲ့သီချင်းတွေဟာ သမီးဗိုက်ဆာတဲ့အချိန်မှာ သက်သာမှုကိုပေးစေတယ်။ သူတို့ဟာ သူ့ဌေးကြီးကိုလည်း သက်သာရာရစေနိုင်မှာပါ။” လို့ပြောပါတယ်။




နောက်တစ်နေ့မှာတော့ ဆာကီမာဟာ သူ့ညီမလေးကို သူဌေး
ကြီးအိမ်ဆီ လိုက်ပို့ခိုင်းပါတယ်။



သူဟာ ပြတင်းပေါက်ကြီးတစ်ခုနားမှာရပ်ပြီး သူအကြိုက်ဆုံး သီချင်းကို သီဆိုနေပါတယ်။ တဖြည်းဖြည်းနဲ့ သူ့ငွေးကြီးဟာ ပြတင်းပေါက်ကြီးကနေ ခေါင်းပြူထွက်လာပါတယ်။



အလုပ်သမားတွေကလည်း သူတို့လုပ်နေတာတွေကို ရပ်လိုက်ပါတယ်။ သူတို့ဟာ ဆာကီမာရဲ့ လှပတဲ့သီချင်းကို နားဆင်နေကြပါတယ်။ ဒါပေမယ့် အမျိုးသားတစ်ယောက်က “ငါတို့သူဌေးကို ဘယ်သူကမှ နှစ်သိမ့်မပေးဖူးဘူး။ ဒီမျက်မမြင်ကောင်လေးဟာ သူ့ကိုနှစ်သိမ့်ပေးနိုင်မယ်လို့ ထင်နေသလား” လို့မေးတယ်။



ဆာကီမာဟာ သီချင်းဆိုပြီးတဲ့အခါ ပြန်ဖို့လှည့်ထွက်လာပါတယ်။ ဒါပေမယ့် သူဌေးကြီးဟာ အပြင်ကို အမြန်ထွက်လာပြီး "ကျေးဇူးပြုပြီး နောက်တစ်ခေါက်ဆိုပြပါလား" လို့ပြောလိုက်ပါတယ်။



အဲ့ဒီအချိန်မှာဘဲ လူနှစ်ယောက်ဟာ ထမ်းစင်နဲ့ တစ်စုံတစ်ယောက်ကို သယ်လာပါတယ်။ သူတို့ဟာ သူဌေးကြီးရဲ့ သားအရိုက်ခံရပြီးလမ်းဘေးမှာပစ်ထားခံရတာကို တွေ့လို့ ဖြစ်ပါတယ်။




သူဌေးကြီးဟာ သူ့ရဲ့သားကို တစ်ခါပြန်တွေ့လို့ အလွန်ဝမ်းသာနေပါပြီ။ သူ့ကို နှစ်သိမ့်ပေးတဲ့ ဆာကီမာကို ဆုချလိုက်ပါတယ်။ သူဟာ သူ့သားနဲ့ ဆာကီမာကို ဆေးရုံခေါ်သွားပြီး ဆာကီမာကိုတော့အမြင်အာရုံပြန်ရဖို့အတွက် ခေါ်သွားတာဖြစ်ပါတယ်။

**Global Storybooks**

globalstorybooks.net

# ဆာကီမာရဲ့သီချင်း

Ursula Nafula
Peris Wachuka
Naw Thazin Hpway

CC BY